28 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၁)

## ပြည်တွင်းစစ် တာရှည်နိုင်သော အချက်သုံးရပ်

ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှု ရှစ်လနီးပါးကြာလာတဲ့အခါ မြန်မာ့နိုင်ငံရေးမြင်ကွင်းတွေမှာ နေရာအနှံ့ လက်နက်ကိုင် တော်လှန်မှုတွေ၊ အပြန်အလှန် အကြမ်းဖက်တုံ့ပြန်မှုတွေနဲ့ စစ်ရေးတင်းမာမှုတွေ ပြည့်နှက်လာပါတယ်။ တချိန်တည်းမှာပဲ မြန်မာ့အနာဂတ်က ကျရှုံးနိုင်ငံ (failed state) ဖြစ်တော့မလား၊ ဒါမှမဟုတ် နိုင်ငံတကာအသိုက်အဝန်းရဲ့ ဖယ်ကြဉ်ခံနိုင်ငံ (Pariah State) ဖြစ်တော့မလားဆိုတဲ့ စိုးရိမ်မှုတွေ ကြီးစိုးလာပါတယ်။ ဒီနိုင်ငံရဲ့ပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့ မလွယ်သေးပေမဲ့ ပဋိပက္ခဒဏ်ကိုတော့ အရပ်သားပြည်သူတွေ ခါးစည်းခံနေရပါတယ်။ တစ်ဖက်မှာလည်း စစ်တပ်ကို အပြုတ်တိုက်၊ အပြတ်ရှင်းနည်းနဲ့ ရန်-ငါစည်းခြား တော်လှန်ခြင်းက လူအများလက်ခံကြတဲ့ လမ်းစဉ်တခု ဖြစ်လာပါတယ်။ အခုဖြစ်နေတဲ့ အဆိုးကျော့သံသရာ ဘယ်အချိန်မှာပြီးမလဲဆိုတာ ခန့်မှန်းရခက်ပေမဲ့ ဘာကြောင့် ရှည်ကြာစေသလဲဆိုတဲ့အပေါ် နိုင်ငံတကာဖြစ်စဉ်တွေကို အခြေခံပြီး ပြောဆိုဆွေးနွေးကြတာမျိုး ရှိကြပါတယ်။ အဲဒီဆွေးနွေးမှုတွေဟာ လက်ရှိဖြစ်နေတဲ့ အခြေအနေတွေကနေ ခဏခွာပြီး တစုံလုံး ခြုံငုံကြည့်တဲ့ပုံစံမျိုး ဖြစ်တာကြောင့် ဒီလိုအချိန်မှာ လေ့လာသင့်တဲ့ အကြောင်းအရာတခုဖြစ်ပါတယ်။

## ဆိုလိုရင်းအနှစ်ချုပ်

နိုင်ငံအတွင်း တင္ငွေ့ငွေ့နဲ့ဖြစ်နေတဲ့ စစ်ပွဲတွေ၊ ပဋိပက္ခတွေဟာ နိုင်ငံတခုနဲ့တခု ဖြစ်ကြတဲ့ စစ်ပွဲတွေ၊ ပဋိပက္ခတွေလောက် အဖြေရဖို့ ပိုမလွယ်ဘူးလို့ နိုင်ငံတကာသုတေသီတွေက ဆိုပါတယ် (Mason & Fett, 1996)။ ဒ့ါအပြင် ပြည်တွင်းစစ်တွေဟာ နိုင်ငံ တခုနဲ့တခု ဖြစ်ကြတဲ့ စစ်ပွဲတွေနဲ့ သဘောသဘာဝမတူဘဲ အချိန်ကာလ ပိုကြာစေတဲ့ တွန်းအားတွေနဲ့ အရင်းခံ အကြောင်းတရားတွေလည်း ရှိပါတယ်။ ပြည်တွင်းစစ်တာရှည်စေနိုင်တဲ့ အကြောင်းအချက် များစွာထဲက သုတေသီ Elshelmani (2015) ဆွေးနွေးထားတဲ့ အဓိကကျတဲ့ အချက်သုံးချက်ကို ကောက်နုတ်ပါမယ်။ အဲဒီအချက်တွေက (၁) ပြည်တွင်းစစ်မှာပါဝင်တဲ့ ဘက်အသီးသီးအကြား အပေးအယူလုပ်နိုင်တဲ့ ဘောင်အကန့်အသတ်ရှိခြင်း (၂) ပဋိပက္ခထဲမှာ ပါဝင်နေတဲ့ အဖွဲ့အစည်းတိုင်းရဲ့အတွင်းပိုင်းမှာ သဘောထားတင်းမာသူနဲ့ ပျော့ပြောင်းသူ စသည်ဖြင့် အားပြိုင်မှုရှိတတ်ခြင်း (၃) ဆက်တိုက်ဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေထဲမှာ စစ်စီးပွားရေး စတဲ့ အကျိုးစီးပွားတွေ အမြစ်တွယ်လာခြင်းတို့ ဖြစ်ပါတယ် (Elshelmani, 2015)။

စစ်ပွဲတွေဟာ နည်းအမျိုးမျိုးနဲ့အဆုံးသတ်ကြပါတယ်။ ဘယ်လိုပုံစံနဲ့ အဆုံးသတ်ကြတာပဲဖြစ်ဖြစ် တဖက်နဲ့တဖက် နိုင်ငံရေးအရသော်လည်းကောင်း၊ စစ်ရေးအရသော်လည်းကောင်း ပြောဆိုဆွေးနွေးညှိနှိုင်းခြင်းကို အဆင့်တခုအဖြစ် ကျော်ဖြတ်ရမြဲ ဖြစ်ပါတယ်။ ဒီအခါမှာ ဘက်အသီးသီးကြား အပေးအယူ၊ အညှိအနှိုင်း လုပ်ရတာမျိုးရှိတတ်ပါတယ်။ ဒါပေမဲ့ ပြည်တွင်းစစ် ပြဿနာတွေမှာ တဖက်နဲ့တဖက် အပေးအယူလုပ်နိုင်တဲ့ ဘောင်က အကန့်အသတ်ရှိပါတယ်။ ဒီနေရာမှာလည်း တော်လှန်သူတွေဘက်က ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေက လူ့အဖွဲ့အစည်း တစုံလုံးကို အပြောင်းအလဲလုပ်ချင်တဲ့အထိ ကြီးမားရင် အပေးအယူလုပ်ဖို့ဆိုတာ အထူးခက်ခဲပါတယ်။ အုပ်စိုးသူ၊ အာဏာရှိသူတွေကလည်း ဒီလိုမျိုး ရည်မှန်းချက် မြင့်မားတဲ့ တော်လှန်ရေးအင်အားစုတွေကို နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းရေးဘောင်ကနေ ထုတ်ပြီး စစ်ရေးအရ ပြင်းပြင်းထန်ထန် ဖြေရှင်းဖို့ တံဆိပ်အမျိုးမျိုးကပ်ပြီး တုံ့ပြန်တာမျိုးတွေ လုပ်တတ်ပါတယ်။ ဒါကြောင့် နှစ်ဖက်စလုံး အစွန်းကိုယ်စီ ရောက်သွားပြီး ပြည်တွင်းစစ်ဟာ ပိုပြီး ရှည်ကြာသွားပါတယ်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၁)
## ပြည်တွင်းစစ် တာရှည်နိုင်သော အချက်သုံးရပ်

### လက်နက်ကိုင်ပဋိပက္ခ အရှည်ကြာဆုံးနိုင်ငံများ

**မြန်မာ**

အဖွဲ့ပေါင်းစုံပါဝင်ပြီး ပြည်တွင်းစစ် (Civil War) ပုံသဏ္ဍာန် ဖြစ်ပွားလျက်ရှိကာ ၇၅ နှစ် ကြာမြင့်နေပြီ ဖြစ်သည်။

၁၉၄၈ — ၂၀၂၁

**အင်ဒိုနီးရှား**

ပါပူဝါလွတ်မြောက်ရေး လှုပ်ရှားမှုအဖြစ် Low-intensity Guerrilla warfare ပုံသဏ္ဍာန် ဖြစ်ပွားလျက်ရှိကာ ၅၈ နှစ် ကြာမြင့်နေပြီ ဖြစ်သည်။

၁၉၆၃ — ၂၀၂၁

**ကိုလံဘီယာ**

အဖွဲ့ပေါင်းစုံပါဝင်ပြီး Low-intensity Asymmetric War ပုံသဏ္ဍာန် ဖြစ်ပွားလျက်ရှိကာ ၅၇ နှစ် ကြာမြင့်နေပြီ ဖြစ်သည်။

၁၉၆၄ — ၂၀၂၁

**ဖိလစ်ပိုင်**

အဖွဲ့ပေါင်းစုံပါဝင်ပြီး Civil Conflict ပုံသဏ္ဍာန် ဖြစ်ပွားလျက်ရှိကာ ၅၂ နှစ် ကြာမြင့်နေပြီ ဖြစ်သည်။

၁၉၆၉ — ၂၀၂၁

**အင်ဂိုလာ**

ပြည်တွင်းစစ်လက်ကျန် အဖွဲ့များပါဝင်ပြီး Separatist Insurgency ပုံသဏ္ဍာန် ဖြစ်ပွားလျက်ရှိကာ ၅၁ နှစ် ကြာမြင့်နေပြီ ဖြစ်သည်။

၁၉၇၅ — ၂၀၂၁

ရင်းမြစ် – Szayna, T. S., O'Mahony, A., Kavanagh, J., Watts, S., Frederick, B., Norlen, T. C., & Voorhies, P. (2017). *Conflict Trends and Conflict Drivers: An Empirical Assessment of Historical Conflict Patterns and Future Conflict Projections.* RAND Corporation.

28 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၁)

## ပြည်တွင်းစစ် တာရှည်နိုင်သော အချက်သုံးရပ်

ဒုတိယတချက်က ငြိမ်းချမ်းရေး သဘောတူညီမှုတွေရဖို့၊ နိုင်ငံရေးအရညှိနှိုင်းတဲ့ စားပွဲဝိုင်းပေါ် ရောက်ဖို့အတွက် အင်အားကြီးမားပြီး၊ ကိုယ်စားပြုမှုအပြည့်အဝရှိတဲ့ ခေါင်းဆောင်မှုက ပါဝင်ဖက်တိုင်းမှာ လိုအပ်ပါတယ်။ ဒီလိုအပ်ချက်မှာလည်း ပြည်တွင်းစစ်အခြေအနေတွေမှာ အခက်အခဲတွေ အများကြီးရှိတတ်ပါတယ်။ အထူးသဖြင့် အဖွဲ့အစည်းအတွင်း သဘောထားတင်းမာသူတွေနဲ့ သဘောထားပျော့ပျောင်းတဲ့ အုပ်စုတွေအကြား အားပြိုင်မှုတွေ၊ ကိုယ်စားပြုမှု မသေချာတာမျိုးတွေကို ပြည်တွင်းစစ်အခြေအနေတွေမှာ အများဆုံးမြင်ရလေ့ရှိပါတယ်။ တခါတလေမှာ စားပွဲဝိုင်းပေါ်ရောက်နေတဲ့ ခေါင်းဆောင်တွေက အောက်ခြေမှာဖြစ်နေတဲ့ စစ်ရေးတင်းမာမှုတွေကို မထိန်းချုပ်နိုင်တာမျိုးတွေတောင် ရှိတတ်ပါတယ်။ ဒါတွေကြောင့်လည်း ပြည်တွင်းစစ်တွေဟာ အဖြေရှာဖို့ ပိုပြီးကြန့်ကြာတတ်ပါတယ်။

**၁,၁၃၆+**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၂၇ ရက် အတွင်း စစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးရသူ **၁,၁၃၆ ဦး** ထက်မနည်း ရှိခဲ့ကြောင်း AAPP ၏ မှတ်တမ်းများအရ သိရသည်။

နောက်ဆုံးအချက်ကတော့ နိုင်ငံရေးဘောဂဗေဒ ရှုထောင့်ကနေ ချဉ်းကပ်ပြီး သုတေသီတွေထောက်ပြတဲ့ အကျိုးစီးပွားပြဿနာ ဖြစ်ပါတယ်။ ပြည်တွင်းစစ်တွေမှာ သဘာဝအရင်းအမြစ် ပေါကြွယ်တဲ့ ဒေသတွေကို ဘက်တခုခုက ထိန်းချုပ်ထားနိုင်ပြီး စီးပွားရေးအရ အကျိုးအမြတ်ရရှိတာမျိုးတွေ ရှိတတ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ အဲဒီဒေသတွေဟာ ပဋိပက္ခဖြစ်စဉ် ဝဲသြဃထဲမှာ တဝဲလည်လည် ဖြစ်နေတတ်ပြီး ရုန်းထွက်နိုင်ဖို့ ခက်ခဲတတ်ပါတယ်။ တရားမဝင် ကုန်သွယ်မှုနဲ့ ငွေကြေးကိစ္စတွေ၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုတွေ၊ လူကုန်ကူးမှုပြဿနာတွေ အစရှိတဲ့ ကိစ္စများမြောင်ဟာလည်း ကျွဲကူးရေပါသဘော ဖြစ်လာတတ်ပါတယ်။ ဒီလိုအခြေအနေတွေမှာ အသစ်အသစ်သော ဇာတ်ကောင်များကိုလည်း မွေးဖွားစေနိုင်တဲ့အပြင် လူ့အဖွဲ့အစည်းကိုလည်း အဆိုးကျော့စက်ဝန်းဆီကို ဦးတည်စေပါတယ်။ ဒါကြောင့်လည်း ဒီအချက်ဟာ ပြည်တွင်းစစ်ကို ရှည်ကြာစေနိုင်တဲ့အချက်တွေထဲမှာ တချက်အဖြစ် ပါဝင်နေပါတယ်။


### ဘာကြောင့်အလေးထားသင့်လဲ

ပြည်တွင်းစစ်တွေဟာ နှစ်ကာလ ရှည်ကြာလာတာနဲ့အမျှ ပျက်စီးဆုံးရှုံးမှုတွေ၊ သေကြေမှုတွေဟာ တရိပ်ရိပ်နဲ့တိုးလာနေမှာ ဖြစ်ပါတယ်။ အဲဒီ လူ့အဖွဲ့အစည်းအနေနဲ့လည်း ငြိမ်းချမ်းရေး ယဉ်ကျေးမှုကို မွေးဖွားနိုင်မှာမဟုတ်ဘဲ အကြမ်းဖက်မှုနဲ့ ပဋိပက္ခတွေကိုသာ တိုးပွားစေမှာ ဖြစ်ပါတယ်။ ဒီလို အကြမ်းဖက်မှုသံသရာနဲ့ လက်နက်ကိုင်ပဋိပက္ခတွေက အဲဒီနိုင်ငံတခုတည်းရဲ့ပြဿနာမျိုးမဟုတ်ဘဲ ဒေသတွင်းနိုင်ငံတွေအတွက်ပါ ဝန်ထုပ်ဝန်ပိုး ဖြစ်စေတတ်ပါတယ်။ ဒါကြောင့်လည်း ဘယ်အချက်တွေက ပြည်တွင်းစစ်ကို တာရှည်စေသလဲဆိုတာကို လေ့လာခြင်းက အလေးထားသင့်တဲ့ကိစ္စရပ်တခု ဖြစ်ပါတယ်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၁)

## ပြည်တွင်းစစ် တာရှည်နိုင်သော အချက်သုံးရပ်

### လက်နက်ကိုင်ပဋိပက္ခကြောင့် မြန်မာနိုင်ငံ၌ နှစ်အလိုက်သေဆုံးခဲ့ရသူများ




* ၂၀၂၁ ခုနှစ်အတွင်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကာလတွင် (စက်တင်ဘာ ၂၇ ရက်အထိ) စစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသူ ၁,၁၃၆ ဦးထက်မနည်းရှိကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က မှတ်တမ်းပြုစုထားသည်။ အဆိုပါအရေအတွက်ကို ထည့်တွက်မည်ဆိုပါက သေဆုံးမှုများမှာ ယခုဖော်ပြထားသည်ထက် ပိုမိုများပြားပြီး နှစ်ပေါင်း ၂၀ အတွင်း စံချိန်တင်သေဆုံးရမှု ဖြစ်နိုင်ပါသည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာအထိ လက်နက်ကိုင်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၌ နှစ်အလိုက် သေဆုံးခဲ့ရသူအရေအတွက်များ ဖြစ်ပါသည်။ ယခု ကိန်းဂဏန်းများကို Peace Research Institute Oslo (PRIO), Uppsala Conflict Data Program (UCDP) နှင့် ISP-Myanmar တို့က မှတ်တမ်းပြုစုထားသည့် အချက်အလက်များမှ ရယူဖော်ပြပါသည်။ ယခု ပုံပြကားချပ်သည် The Asia Foundation က ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော The State of Conflict and Violence in Asia အစီရင်ခံစာ၌ပါရှိသည့် မြန်မာနိုင်ငံဆိုင်ရာ ပုံပြကားချပ်အား မွမ်းမံရေးဆွဲထားခြင်း ဖြစ်ပါသည်။

**အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၁)**
ပြည်တွင်းစစ် တာရှည်နိုင်သော အချက်သုံးရပ်

## မြန်မာနိုင်ငံနဲ့ ဆီလျော်သလား

မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ အရှည်ကြာဆုံး ပြည်တွင်းစစ်ဖြစ်နေတဲ့ နိုင်ငံတခုဖြစ်ခဲ့တာ ကြာပါပြီ။ အခုအချိန်မှာလည်း အကိုင်အတွယ်မတတ်ရင် မူရင်းအခြေအနေထက် ပိုပြီးဆိုးရွားသွားစေနိုင်တဲ့ အချိုးအကွေ့တခုကို ရောက်နေပါတယ်။ ဒါကြောင့် ဘယ်အကြောင်းအချက်တွေက ပြည်တွင်းစစ်တွေကို ပိုပြီးတာရှည်စေနိုင်သလဲဆိုတာကို လေ့လာတာဟာ မြန်မာနိုင်ငံနဲ့ အင်မတန်မှဆီလျော်ပါတယ်။ အထူးသဖြင့် သုတေသီ Elshelmani (2015) ထောက်ပြခဲ့တဲ့ အချက်သုံးချက်လုံးကို မြန်မာ့ပြည်တွင်းစစ်သံသရာထဲမှာ မကြာခဏဆိုသလို တွေ့ရတတ်ပါတယ်။

ပထမအချက်ဖြစ်တဲ့ အပေးအယူလုပ်နိုင်တဲ့ ဘောင်အကန့်အသတ်ဟာ မြန်မာနိုင်ငံလို စစ်ရေး၊ နိုင်ငံရေးနောက်ခံကားချပ်မတူညီတဲ့ လက်နက်ကိုင်အဖွဲ့အစည်း များစွာရှိနေတဲ့ အခြေအနေမှာ ပိုပြီး ထင်ဟပ်ပါလိမ့်မယ်။ မတူညီတဲ့ ဖက်ဒရယ်ရည်မှန်းချက်တွေ၊ သမိုင်းဆိုင်ရာနာကြည်းချက်တွေနဲ့ မယုံကြည်မှုများစွာရှိနေပါတယ်။ အဲဒီကနေဆင့်ပွားလာတဲ့ လုံခြုံရေးဆိုင်ရာ ပေါင်းစည်းရေးအမြင်တွေကလည်း တူညီမှုမရှိပါဘူး။ ဒ့ါအပြင် အခု စစ်အာဏာရှင်စနစ်ဆန့်ကျင်တဲ့ နွေဦးတော်လှန်ရေးကနေ မွေးဖွားပေးလိုက်တဲ့ လက်နက်ကိုင်တပ်တွေနဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေရဲ့ ကြီးမားလှတဲ့ စနစ်ပြောင်း၊ ခေတ်ပြောင်း ရည်မှန်းချက်တွေက အာဏာကို နည်းပေါင်းစုံသုံးပြီး ကြီးစိုးခြယ်လှယ်ထားတဲ့ စစ်တပ်နဲ့ အပေးအယူ၊ အလျှော့အတင်းလုပ်နိုင်တဲ့ အခြေအနေမျိုးမှာ ရှိမနေသေးပါဘူး။

ဒုတိယအချက်ကိုလည်း မြန်မာနိုင်ငံမှာ တောက်လျှောက် ကြုံတွေ့ခဲ့ရဖူးပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ တခုချင်းစီရဲ့ ခေါင်းဆောင်ရွေးချယ်မှုပုံစံနဲ့ သဘောသဘာဝတွေဟာ တဖွဲ့နဲ့တဖွဲ့ ကွဲပြားမှုရှိသလို အတွင်းပိုင်းအားပြိုင်မှု၊ ပဋိပက္ခတွေလည်း ရှိပါတယ်။ နောက်ထပ် သတိပြုနိုင်တာက နိုင်ငံရေးအရကိုယ်စားပြုမှုကို ရရှိထားတဲ့ ခေါင်းဆောင်တွေနဲ့ အောက်ခြေက တပ်မဟာတွေ၊ တပ်ရင်းတွေကိုကွပ်ကဲကြရတဲ့ စစ်ရေးခေါင်းဆောင်တွေကြား မဟာဗျူဟာစဉ်းစားချက် အခြေခံ မတူညီကြတာကို ရံဖန်ရံခါ တွေ့ရလေ့ရှိပါတယ်။ ဒါတွေဟာ သာမန်အချိန်တွေမှာ မသိသာပေမဲ့ အရေးကြီးတဲ့ နိုင်ငံရေး အလှည့်အပြောင်း ဆုံးဖြတ်ချက်တွေ ချခါနီးမှာ ပေါ်လာတတ်ပြီး အုပ်စုဖွဲ့ပြိုင်ဆိုင်မှု၊ ဖြေရှင်းမှုတွေ ဖြစ်လာပါတယ်။

**၁,၇၁၀**

မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ၏ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၄ ရက် ဖော်ပြချက်တွင် ဇွန်မှသြဂုတ်အထိ ဖြစ်ခဲ့သော တိုက်ပွဲများနှင့် ပဋိပက္ခဖြစ်စဉ်များ အတွင်း ပြည်သူ **၄၃၁ ဦး** သေဆုံးပြီး၊ စစ်ကောင်စီဘက်မှ **၁,၇၁၀ ဦး** သေဆုံးခဲ့သည်ဟုဆိုသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၁)
### ပြည်တွင်းစစ် တာရှည်နိုင်သော အချက်သုံးရပ်

နောက်ဆုံးအချက်ဖြစ်တဲ့ အကျိုးစီးပွားနဲ့ စစ်ပွဲတွေအကြား ချိတ်ဆက်နေမှုဟာ မြန်မာနိုင်ငံမှာတော့ နည်းလမ်းမျိုးစုံနဲ့ ဘက်အသီးသီးအကြားမှာ ဖြစ်နေတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် စစ်စီးပွားရေးဆိုင်ရာ အကျိုးစီးပွားကိစ္စတွေ ဖြစ်ပါတယ်။ တရားမဝင် ကုန်သွယ်မှုကအစ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုတွေအဆုံး ဒေါ်လာ ဘီလီယံချီတဲ့ ငွေကြေးတွေဟာ နိုင်ငံ့စီးပွားရေးထဲကို နည်းလမ်းမျိုးစုံနဲ့ စီးဝင်နေပြီး ဒီငွေတွေက လက်နက်ကိုင်ပဋိပက္ခတွေကို ပြန်ပြီး အထောက်အပံ့ ဖြစ်စေပါတယ်။ နိုင်ငံရဲ့ရင်းမြစ်တွေကို နယ်ပယ်အသီးသီးမှာ စစ်တပ်က ချုပ်ကိုင်ခြယ်လှယ်ထားပြီး၊ တဖက်က တော်လှန်ရေးအင်အားစုတွေ အကြားမှာလည်း စစ်ပွဲတွေအတွက် လိုအပ်တဲ့ ကုန်ကျစရိတ်တွေကို ရှာဖွေကြရာကနေ အဲဒီကုန်ကျစရိတ်တွေ ရှာဖွေနိုင်ရေးအတွက် စစ်ပွဲတွေက အကြောင်းအချက်တခု ပြန်ဖြစ်စေပါတယ်။

အချုပ်အားဖြင့် ပြည်တွင်းစစ်ကို မရပ်တန့်နိုင်သေးတာ၊ အချိန်ပိုရှည်ကြာစေတတ်တာတွေအတွက် အခြားသော အရင်းခံအကြောင်းအရာတွေလည်း အများကြီး ရှိနိုင်ပါသေးတယ်။ ဒါပေမဲ့ အခု ဖော်ပြတဲ့အချက်သုံးချက်ကို ထည့်သွင်းစဉ်းစားတာကလည်း လက်ရှိဖြစ်နေတဲ့ အခြေအနေတွေကနေ ခဏခွာပြီး တစုံလုံးကို အဖြေရှာတဲ့နေရာမှာ တစုံတရာ အထောက်အကူ ဖြစ်စေနိုင်ပါတယ်။

**Further Readings**

Elshelmani, A. (November 23, 2015). Why Are Civil Wars So Protracted and Difficult to End? E-International Relations. https://www.e-ir.info/2015/11/20/why-are-civil-wars-so-protracted-and-difficult-to-end/

Mason, T. D., & Fett, P. J. (1996). How civil wars end: A rational choice approach. Journal of Conflict Resolution, 40(4), 546-568.